
ရွှေညာမေချို
အနောက်တောင်တန်းများပေါ်မှ
နေဝင်ဆည်းဆာ

## အပိုင်း ( ၁ )

နှင်းရည်စိုစွတ်နေသော သစ်ပင်များက စိမ်းလန်းစိုပြည်လျက် ရှိသည်။ ဖြာထွက်လာသော နေရောင်နုနု အောက်တွင် ငွေရောင် နှင်းစက်ကလေးများ ပျောက်လုနီးပါး။ ထိုနေရောင်နုနုတွင် ဆောင်းလေပြည် လေနုကလေးကလည်း တစ်ချက်တစ်ချက် ရိုက်ခတ်နေပြန်သည်။

ထိုအချိန်ကား လောကဓာတ် တစ်ခွင်လုံး အေးချမ်းနေသည့် အချိန်ပင်။ ချမ်းအေးလှသည့် ဆောင်းမနက်ခင်းတွင် တောင်ပေါ် လမ်းသွယ်ကလေးပေါ်မှ ဆိုင်ကယ်တစ်စီးနှင့် လူငယ်တစ်ဦး။ မြွေလိမ်မြွေကောက် သဖွယ် လမ်းကလေးတွင် တစ်ကိုယ်တည်း ဖြတ်သန်းလာသည်မှာ ကားတစ်စီး မပြောနှင့် လူရိပ်လူယောင်တောင် မတွေ့ခဲ့သော်လည်း ရှေ့နားခပ်လှမ်းလှမ်းတွင် ကားတစ်စီး ရပ်ထားသည်။

ထိုကားနား ရောက်အောင် မောင်းလိုက်သည်။ ကားနားရောက်တော့ အသက်၄၀ လောက်ရှိသည့် လူတစ်ယောက်သည် ကားခေါင်းဖုံးကိုလှပ်ကာ ဟိုနှိုက်ဒီနှိုက် လုပ်နေသည်ကို မြင်တော့

"ကားပျက်နေလို့လား ဦးလေး"

"အေး ဟုတ်တယ်ကွဲ့ မောင်ရင် မောင်းရင်းနဲ့ ထိုးရပ်သွားတာ ဘာဖြစ်သွားလဲမသိဘူး"

"ကျွန်တော်တစ်ချက် ကြည့်ပေးပါရစေ"

လူငယ်က ဆိုင်ကယ်ပေါ်မှ ဆင်းကာ ကားကို ကြည့်လိုက်သည်။ ထိုစဉ်

ကားနောက်ခန်းမှ အမျိုးသမီးတစ်ဦး ဆင်းလာသည်။ ထိုအမျိုးသမီး နှုတ်မှ

"ကိုလတ်"

ဆိုသော သူ၏ နာမည်ကိုခေါ် နေသောကြောင့် မော့ကြည့်လိုက်တော့ တစ်ခါမှ မမေ့ခဲ့ဖူးသော အသံပိုင်ရှင်။

ဖြူနုသွယ်လျနေသော ခန္ဓာကိုယ်တွင် ကချင်ဆင်ဝမ်းဆက် အဖြူလေးပေါ်မှ သိုးမွေးဆွယ်တာ အဖြူလေးကိုပင် သေသေသပ်သပ် ဝတ်ဆင်ထားသည်။ ထိုအမျိုးသမီး မျက်နှာပေါ်က အပြုံးသည် တစ်ချိန်က ကိုလတ်ဆိုသော လူငယ်လေး ရင်ခုန်ခဲ့သော အပြုံးတစ်ပွင့်။

သူတို့က ကားပြင်သူကို ခေါ်ထားသည်ထင်ရဲ့ ကားပြင်မယ့်သူနှစ်ဦး ဆိုင်ကယ်နှင့် ရောက်လာသည်။

သူတို့ နှစ်ယောက် ကားနဲ့ဝေးရာ တိတ်ဆိတ်သော လမ်းဘေးတစ်နေရာသို့ လမ်းလျှောက် လာခဲ့ကြသည်။

ပတ်ဝန်းကျင် အခြေအနေက သာယာလှသည်။

တောင်ကုန်းတောင်တန်းတွေ အောက်မှာတော့ သာယာလှတဲ့ မြို့ရွာလေးတွေကို လှမ်းမြင်နေရသည်။ ပတ်ဝန်းကျင်ရဲ့ လှပမှုကို ခံစားရင်း တိတ်ဆိတ်နေသည်။

ချမ်းအေးနေသည်မို့ ထားလက်ကလေးကို ပိုက်ထားလိုက်သည်။

"ထား နေကောင်းရဲ့လား"

မိမိအမေးကြောင့် ထား ခေါင်းလေးဆတ်ပြသည်။

"ပိန်သွားလိုက်တာ ကိုလတ်ရယ် နေရောကောင်းရဲ့လား"

"နေကောင်းပါတယ် ပိန်သွားတာကလည်း ဒီကရေမြေနဲ့ သိပ်အစပ်မတည့်သေးလို့ပါ အခု ထားက ဒီကို အလည်လာတာလား"

"အင်း မြစ်ကြီးနားက အဒေါ်တစ်ယောက်ဆီလာလည်တာလေ"

"အန်တီတို့ကော နေကောင်းရဲ့လား"

ထိုအမေးကြောင့် တစ်ချိန်က ကိုလတ်အပေါ် မတရားလုပ်ခဲ့သည့် ထားတို့အပေါ် ကိုလတ် မေတ္တာမပျက်သည်ကို သိလိုက်ရသည်။ ထို့သို့ ကိုလတ်က မေတ္တာမပျက်လေ ထားတို့မှာ အပြစ်ရှိသလို ပို၍ သက်ာမကင်း ဖြစ်မိသည်။

"မာမီတို့လည်း နေကောင်းပါတယ်"

"ဒါနဲ့ ထားရဲ့အမျိုးသားကော အခု မပါလာဘူးလား"

"ရှင်"

မေးရက်လိုက်တာ ကိုလတ်ရယ် ... ထားဘဝမှာ မိဘတွေရဲ့ စကားကို မလွန်ဆန်နိုင်သော်လည်း ... ထားရဲ့နှလုံးသားကို ကိုလတ်ဆိုသော သူ့အတွက် သိမ်းထားခဲ့တယ် ဆိုတာ သူကတော့ သိမယ်မထင်။ မိမိ သူ့အမေးကြောင့် ထားမျက်နှာလေး ဘေးသို့ ရှောင်သွားသည်ကို သိလိုက်ရသည်။

နောက်မှ ထားက စကားဖြတ်ပြောကာ

"ကိုလတ် ဒီကချင်ပြည်ကို ရောက်တာကြာပြီလား"

"ကြာဆို နှစ်လလောက်တော့ ရှိပြီ"

"မြစ်ကြီးနားမှာပဲ တာဝန်ကျတာလား"

"မဟုတ်ဘူး နော်ဝေးရွာမှာ တာဝန်ကျတာ အခုက ကလေးတွေအတွက် လိုအပ်တာလေး မြို့ထဲက ဝယ်ပြီး ပြန်လာတာ တိုက်တိုက်ဆိုင်ဆိုင် ထားတို့နဲ့တွေ့တာပဲ"

"ရွာမှာ နေရတာအဆင်ရော ပြေရဲ့လား"

"ပြေပါတယ် တစ်ခါတလေတော့ ကလေးမိဘတွေက ပြောရတာ နည်း

နည်းတော့ လက်ပေါက်ကတ်တယ်၊ ဒါပေမဲ့လည်း ကိုယ့်စေတနာက ရောင်ပြန်ဟပ်တော့ သူတို့ နားလည်သွားကြတယ်လေ သူတို့က သဘောတော့ ကောင်းကြပါတယ် ပညာရေးနဲ့ အလှမ်းဝေးတဲ့ နေရာဆိုတော့ ကလေးတွေအတွက်တော့ နစ်နာစရာ တစ်ခုဖြစ်တာပေါ့"

"ကျောင်းမှာက ဆရာဘယ်လောက်ရှိလဲ"

"နှစ်ယောက်ပဲရှိတာ ထားရဲ့ …ကိုယ်နဲ့ ရွာက အကူဆရာမလေးပဲရှိတာ ဒီဒေသက ကျောင်းဆရာ အရောက်အပေါက် နည်းတယ်လေ ဆရာ မလုံလောက်တာကြောင့် တစ်နေ့တစ်နေ့ ဟိုအတန်းပြေးလိုက် ဒီအတန်းပြေးလိုက်ပေါ့"

ရယ်ရင်းပြောလိုက်သည်။

"ဒါဆို ကိုလတ် ပင်ပန်းနေမှာပေါ့"

"မပင်ပန်းပါဘူး ထားရယ် ကိုယ့်ဝါသနာနဲ့ကိုယ် ဆိုတော့ စိတ်ကတောင် အမြဲပျော်နေမိတယ်"

ပြုံးရွှင်နေသော မျက်နှာကို ထား တစ်ချက် ငဲ့ကြည့်မိလိုက်သည်။ အတိတ်က ဖြစ်ရပ်ကို ပြန်တွေးရင်း ထား ကိုယ့်ကိုယ်ကိုယ်ပင် အားငယ်ရှက်ရွံ့မိသည်။

"ဒါနဲ့ ထားတို့က ဘယ်နေ့ ရန်ကုန်ကို ပြန်မှာလဲ"

"နှစ်ရက်သုံးရက်လောက် နေပြီးရင် ပြန်မှာ ဘာဖြစ်လို့လဲ ကိုလတ်"

"ဘာမှမဖြစ်ပါဘူး ထားပြန်ရင် လက်ဆောင်လေး ဘာလေး ပေးလိုက်ချင်လို့ပါ"

ကိုလတ်ရဲ့ စကားတွေဟာ ထားအတွက်တော့ အခုထိ နွေးထွေးနေဆဲ။ ထားကတော့ အခုထိ ကိုလတ်အပေါ်မှာ သံယောဇဉ်တွေရှိဆဲပါ။ ကိုလတ်

ကတော့ ထားအပေါ်မှာ သံယောဇဉ် လက်ကျန်လေးတောင် ရှိပါ့မလား။ အင်းပေါ့လေ အဖြစ်အပျက်တွေကလည်း ကြာခဲ့ပြီလေ။

"မမလေး ကားပြင်လို့ ပြီးပါပြီ"

ဒရိုင်ဘာဦးလေးကြီးက လာပြောလေသည်။

"ကိုလတ် ထား သွားတော့မယ်နော် ... ကျန်းမာရေးလည်း ဂရုစိုက်ဦး"

"အင်းပါ ကျန်းမာရေးကတော့ ဒေါင်ဒေါင်မြည်ပါပဲ ဆန္ဒတွေ မပြည့်ဝသေးတော့ မသေသေးလောက်ပါဘူး"

ရယ်ကျဲကျဲလေး ပြောလိုက်တော့ မျက်စောင်းလှလှလေး တစ်ချက် ထိုးလိုက်သည်ကို သူမြင်လိုက်သည်။

"ဪ ကိုလတ် နောက်တစ်ခါ မြို့ထဲရောက်ရင် ထားတို့ဆီ ဝင်ခဲ့နော် ဒီမှာ ထားတို့လိပ်စာ"

ပိုက်ဆံအိတ်လေးထဲက ကတ်လေး ထုတ်ပေးလေသည်။

"ဆက်ဆက်လာရမယ်နော်"

"အင်းပါ "

"ဒါဆို ထား သွားပြီနော် ဒေါ်လေး စိတ်ပူနေမှာ စိုးလို့ပါ"

"အင်းပါ ထားသွားနှင့်လေ ကိုယ် ဒီမှာ နေချင်သေးလို့"

နန်းထိပ်ထား ဘုန်းလတ်ကို နှုတ်ဆက်ကာ ထွက်သွားလေသည်။

နှုတ်ဆက်ကာ ကျောခိုင်းသွားသော ထားကျောပြင်ကို ကြည့်ရင်း မိမိ ကျန်ရစ်ခဲ့လေသည်။ ထား ကားပေါ်မတက်ခင် သူ့ကို တစ်ချက် လှည့်ကြည့်လိုက်သည်။ သူကတော့ အေးဆေးတည်ငြိမ်စွာ လက်ပြနှုတ်ဆက်လိုက်သည်။ ထားတို့ကားလေး ထွက်သွားသည်မှာ မြင်ကွင်းကပင် ပျောက်ကွယ်သွားသည်။

အို မြင့်မားလှသော တောင်တန်းတွေက သူ့ကိုဖေးမနေသလို။ ဟိုအဝေးဆီက လှမ်းမြင်နေရသော မေခမလိခတို့က ပေါင်းစပ် မွေးဖွားလိုက်သော ဧရာဝတီမြစ်ပြင်ဖွေးဖွေး ကလည်း တောင်တန်းတွေကို ပတ်ခွေစီးဆင်းနေသည်မှာ အစအဆုံးပင် ရှာမတွေ့နိုင်ပေ။

* * *

"ဟာ ဆရာလေးပြန်လာပြီဟေ့"

ဖိုးမောင်ရဲ့အော်သံကြောင့် အခြားကလေးများလည်း ထွက်လာကြသည်။

ကျောင်းဆရာလေး ဘုန်းလတ်လည်း ကလေးများရှေ့တွင် ဆိုင်ကယ်လေးကို ရပ်လိုက်သည်။

"ဆရာလေး သားတို့အတွက် စာအုပ်တွေပါလား"

ဖိုးမောင်လေးက ခရီးဦးကြို မေးလေသည်။

"ပါပါတယ်ဗျာ ရော့အားလုံးအတွက်ပါ ပါပါတယ်"

ဆရာဘုန်းလတ် ကလေးများကို စာအုပ်ဝေပေးတော့ ကလေးများကလည်း စာအုပ်လေးကို ကိုင်ကာပျော်ရွှင်နေကြသည်။ တကယ်တော့ သူတို့ကလေးတွေဟာ ပညာသင်ချင်ပေမဲ့ သင်ခွင့်မရခဲ့ပေ။ မြို့နဲ့အလှမ်းအတော်ကွာသော ရွာလေးမို့ ဘယ်သူမှ မလာချင်ကြပေ။

ဆရာဘုန်းလတ် ဆိုသူကတော့ အတော်ပင် ချီးကျူးစရာ ကောင်းသောကြောင့် နော်ဝေးရွာလေးကရော အနီးအနား ပတ်လည်ရွာများကပါ သူ့ကိုလေးစားကြသည်။

ပညာရေးဝန်ကြီးက ဆရာဘုန်းလတ်ကို မြို့နယ်လေးတစ်ခုသို့ စေလွှတ်ခြင်း ဖြစ်သည်။ နော်ဝေးရွာလေးကို တာဝန်ကျသော ဆရာတစ်ဦးက ကျန်းမာရေး အခြေအနေကြောင့် သွားလို့မရပေ။

ထိုဒေသကို သူသွားချင်ပါသည်ဟု ပညာရေးဦးစီးကို တောင်းဆိုသောကြောင့် ထိုရွာသို့ ရောက်လာခြင်းဖြစ်သည်။

ကလေးများအလယ်တွင် ပြုံးရွှင်နေသော ဆရာဘုန်းလတ်ကို ကြည့်ရင်း ရေနွေးဝိုင်းတွင် ရှိသော ရွာသူကြီးကို စောနောင်စကား ဆိုလိုက်သည်။

"ကျုပ် တို့ရွာက ကလေးတွေလည်း ဆရာလေး ရောက်လာမှပဲ ပညာကောင်းကောင်း သင်ရတော့တယ် ဆရာလေးကလည်း ကလေးတွေကိုချစ် ကလေးတွေ ကလည်း ဆရာလေးကို ချစ်ဆိုတော့ ဟန်ကျတယ်ဗျို့"

"အဲဒါတော့ ဟုတ်တယ်ဗျို့ ကျုပ်သားလေးဆိုလည်း အခုဆို စာကောင်းကောင်း ဖတ်နိုင်နေပြီ အဲဒါဆရာလေးရဲ့ကျေးဇူးတွေကြောင့်ပဲ"

ရွာသားတစ်ဦးက ကြားမှဖြတ်ပြောလေသည်။

ဆရာဘုန်းလတ်လည်း ကလေးတွေနားမှ ထလာခဲ့လိုက်သည်။

"ဗျို့ ဆရာလေး ရေနွေးလေးဘာလေး သောက်လှည့်ဦး"

ကိုစောနောင်ရဲ့ခေါ်သံကြောင့် ရေနွေးဝိုင်းရှိရာသို့ လာလေသည်။

"ရော့ ဆရာလေး"

ရေနွေးတစ်ခွက်ကို လှမ်းပေးလိုက်သည်။

"ဆရာလေး ရေချိုးပြီးရင်း စားဖို့ကျုပ် ထမင်းပွဲပြင်ထားခဲ့တယ်"

"ရပါတယ်ဗျာ ကျွန်တော်ဘာသာလုပ်ပါ့မယ်"

"ဘယ်ဟုတ်ပါမလဲ ဆရာလေးရယ် ဆရာလေးက ကျုပ်တို့ရွာက ကလေးတွေကို ပညာသင်ပေးတဲ့ဆရာ မဟုတ်လား အဲဒါကျုပ် တို့က ဧည့်ဝတ်ကျေရမှာပေါ့"

ဆရာဆိုပေမယ့် သူ့အပေါ်အားလုံးက ပြုစုနေကြတော့ အနေခက်လှ

သော်လည်း သူတို့ရဲ့ ရိုးသားမှုတွေအောက်မှာ နေရတာတော့ ကျေနပ်သည်။

"ဒါဆို ကျွန်တော်သွားလိုက်ဦးမယ်ဗျ "

"ဟုတ်ကဲ့ဆရာလေး ကျုပ်တော့ သူကြီးနဲ့ ကျားထိုးပြီးမှ ပြန်ခဲ့မယ်ဗျို့"

စောနောင်ရဲ့အပြောကြောင့် ဆရာဘုန်းလတ် ပြုံးမိသည်။

စောနောင်ဆိုသော လူသည် ကချင်လူမျိုးတစ်ယောက်။

ဆရာဘုန်းလတ်က စောနောင်၏ အိမ်တွင် နေထိုင်သည်။

တော်တော်သဘောကောင်းတဲ့လူ။ သို့သော်ပညာတော့ မတတ်။ သူ ပညာမတတ်သောကြောင့် သူ့ရွာက ကလေးတွေကို ပညာတတ်စေချင်သည်။ ရွာကို ကျောင်းဆရာတစ်ယောက် လာမည်ဟု ကြားတုန်းကဆို သူကိုယ်တိုင်သွားကြိုဖို့ပြင်သည်။ ဆရာရောက်လာလျှင် နေဖို့ထိုင်ဖို့ စားဖို့သောက်ဖို့က အစ အားလုံး သူပြင်ဆင်ခဲ့သည်။

စကားပြောကလည်း ကောင်းသူဖြစ်သည်။

ရိုးသားပြီး ကူညီတဲ့နေရာမှာဆို နှစ်ယောက်မရှိ။

မတရားလုပ်တာကိုတော့ သူလက်မခံ။ အတိုက်အခိုက် နေရာမှာလည်း ကျွမ်းကျင်သည်။ ဒါကို ဘာကြောင့်သိသလဲ ဆိုတော့ ဘူတာရုံမှာ သူ့ကိုလာကြိုစဉ်က လမ်းမှာ တောပုန်းဓားပြတွေနှင့် ကြုံခဲ့ဖူးသည်။ ထိုဓားပြကိုလည်း ကိုယ်တိုင် တိုက်ခိုက်၍ သူ့ကို ကာကွယ်ပေးခဲ့ဖူးသည်။ သူ့အိမ်မှာ နေစဉ်အတွင်း ဘာမှ လိုလေးသေးမရှိခဲ့။ တစ်ခါတလေ သူတောင် မစားပဲ ကျွေးသည်။

သူမစားပဲကျွေးသည်ကို သိသည်မို့ နှစ်ယောက်အတူတူ စားမှစားမည်ဟု ဆိုသည့် အချိန်လည်း ရှိခဲ့ဖူးသည်။

ရေမိုးချိုးကာ စောနောင် ပြင်ပေးခဲ့သော ထမင်းကို စားပြီးနောက် ရွာထဲ

သို့ အထုပ်တစ်ထုပ်နှင့် ထွက်လာခဲ့သည်။ သူ ဦးတည်ပြီး သွားနေသည်မှာ ရွာမြောက်ပိုင်းက အိမ်လေးတစ်အိမ်။ အိမ်လေးရှေ့သို့ ခြေစုံရပ်လိုက်တော့ အိမ်ဘေးလေးတွင် ထမင်းချက်နေသော အသက်လေးဆယ်ကျော် အမျိုးသမီးကြီးတစ်ဦး။

"ဟယ်...လူလေး ဘယ်တုန်းက ပြန်ရောက်တာလဲ"

အမျိုးသမီးကြီးက မိမိကိုမြင်၍ ဝမ်းသာအားရမေးသည်။

"ခုနလေးကမှ ပြန်ရောက်တာ အမေ။

ဒီမှာလေ အမေတို့အတွက် အားဆေးလေး ဝယ်လာတယ်"

"ရပါတယ် လူလေးရယ် အမေတို့အတွက် ဒါတွေမလိုပါဘူးကွယ် ဒီကလူလေး ရှိရင်ပဲ အမေတို့ အားရှိပါတယ်"

အမျိုးသမီးကြီးက မိမိလက်ကို ယုယုယယ ဖမ်းဆုပ်ထားတော့ တစ်ခါမှ မခံစားဖူးတဲ့ မိခင်မေတ္တာကို တောင့်တမိသည်။ သို့သော် ထိုယုယကြင်နာမှုတွေက ကျွန်တော့်ကို နွေးထွေးစေသည်။

"ဒါနဲ့ အမေ အဖေရော မမြင်ပါလား"

"လူလေးရဲ့ အဖေ ရွာထဲသွားတယ် ဟော ပြောရင်းဆိုရင်း လာနေပါပြီ"

အဖွားအိုက မေးငေါ့ပြလိုက်သည်။

"ဟော လူလေးရောက်နေတာကို မြို့သွားတယ်ဆို"

"ဟုတ်တယ် အဖေ ခုနလေးတင် ပြန်ရောက်တာ အဲဒါ အဖေတို့အတွက် ဆေးလေး ဝယ်လာလို့ လာပေးတာ"

"အေးပါကွယ် လူလေးက သောက်စေချင်လို့ ဝယ်လာမှာတော့ အဖေ သောက်ရမှာပေါ့"

"ဒါမှ တို့အဖေ"

ဆရာဘုန်းလတ် (ခေါ် ) ကိုလတ်သည် တကယ်တော့ မိဘမေတ္တာ ငတ်မွတ်နေသူဖြစ်သည်။

မိဘမေတ္တာကို ငတ်မွတ်နေသော သူ့အဖို့ ဒီကချင်လူမျိုး ဇနီးမောင်နှံ နှစ်ယောက်သည် မိဘအရင်းကဲ့သို့ပင်။

သူတို့ကလည်း ဆရာဘုန်းလတ်ကို သားအရင်းသဖွယ် ချစ်သည်။ ဆရာဘုန်းလတ်သည် မိဘမေတ္တာ ငတ်မွတ်နေသလို ထိုကချင်ဇနီးမောင်နှံမှာလည်း သားသမီးရတနာ ငတ်မွတ်နေသူများ ဖြစ်သည်။ သူ ဒီရွာလေးကို ရောက်တာမကြာသေးပေမဲ့ ထိုအဘိုးအဘွားများနှင့် ရင်းနှီးချစ်ခင် သွားကြသည်မှာ အတိတ်ဘဝက တော်စပ်မှုများ ရှိနေမလားဟုပင် ထင်မိသည်။

ထိုညက ကိုလတ် အိပ်မပျော်ခဲ့ပေ။ အိပ်လို့လည်း မပျော်တာမို့ အိမ်ရှေ့ ကွပ်ပျစ်လေးပေါ်သို့ ထိုင်လိုက်သည်။ ထိန်ထိန်သာနေသော လမင်းကြီးကို ငေးမောကြည့်လိုက်သည်။ လမင်းကြီးကို ကြည့်ရင်း ကြယ်ကလေးတွေဆီ စိတ်ရောက်သွားပြန်သည်။

အို လင်းလက်တောက်ပတဲ့ ရှုဝံကြယ်ပါလား။

ညအခါ လမ်းပျောက်နေသူကို လမ်းပြပေးတဲ့ ရှုဝံကြယ်ကိုပင် အားကျနေမိသည်။ ကြယ်တွေတောင် လမ်းပြပေးနိုင်ပါရဲ့ ငါကကော လူ့လောကမှာ ဘာတွေကိုများ အကျိုးပြုနိုင်ပါ့မလဲ ကိုယ်ကိုယ့်ကိုယ် သိမ်ငယ်ရင်း စိတ်က အတိတ်သို့ သမင်လည်ပြန် လှည့်မိသည်။

* * *